Government of **Western Australia**
**Mental Health Commission**

စိတ်ကျန်းမာရေးခုံရုံး၏ ခွင့်ပြုချက်လည်း လိုအပ်ပါသေးသည်။

- အသက် ၁၈ နှစ် အထက် အရွယ်ရောက်ပြီးသော မိမိဆန္ဒအရ ကုသမှုခံယူသော (၎င်းမှ သဘောတူညီချက်မပေးနိုင်သည့်အခါ လူနာကိုယ်စား ဆုံးဖြတ်ချက်ပြုလုပ်ခွင့်ရှိသော အုပ်ထိန်းသူကဲ့သို့ ပုဂ္ဂိုလ်မျိုး၏ဆန္ဒဖြင့် ကုသမှုခံယူသော) အရွယ်ရောက်ပြီးသူများသို့ ECT ကုထုံးပေးနိုင်ပါသည်။
- မိမိဆန္ဒအရမဟုတ်ပဲ ကုသမှုခံယူနေသူများသို့ ECT ကုထုံးအား စိတ်ကျန်းမာရေးခုံရုံး၏ သဘောတူညီချက်ဖြင့်သာ ပြုလုပ်နိုင်ပါသည်။

ECT ကုထုံးပြုလုပ်ပေးရန် စိတ်ကျန်းမာရေးခုံရုံးမှ ခွင့်ပြုချက်အား လိုအပ်သည့်အခါ သင့်စိတ်ကျန်းမာရေးဆရာဝန်မှ ခုံရုံးသို့ စာရေးသားပေးပို့ကာ ခွင့်ပြုချက်လျှောက်ထားမည်ဖြစ်ပြီး ခုံရုံးမှ သင့်ဖြစ်ရပ်အား သုံးသပ်ပါမည်။

အကယ်၍ သင်သည် မိမိဆန္ဒမပါပဲ ကုသမှုခံယူနေရကာ သင့်ကိုယ်သင် နှင့် အခြားသူများအား ရုပ်ပိုင်းဆိုင်ရာအရ ပြင်းထန်စွာ ထိခိုက်စေမည့် အန္တရာယ်မှ ကာကွယ်ရန် သို့မဟုတ် သင့်အသက်အား ကယ်တင်ရန် ECT ကုထုံးအား လိုအပ်ခဲ့ပါလျှင် ECT ကုထုံးပြုလုပ်ရန် ခုံရုံး၏ခွင့်ပြုချက်အား မလိုအပ်တော့ပေ။ သို့သော် ယင်းဖြစ်ရပ်မျိုးတွင် ECT ကုထုံး မပြုလုပ်မီ စိတ်ကျန်းမာရေးဆရာဝန်ချုပ်၏ ခွင့်ပြုချက်ကို လိုအပ်ပါသည်။

## နောက်ထပ်အချက်လက်များ

ဤလက်ကမ်းစာစောင်တွင်ပါသော အချက်လက်များမှာ ၂၀၁၄ ခုနှစ် စိတ်ကျန်းမာရေးအက်ဥပဒေတွင် ဖော်ပြထားသော ဥပဒေများနှင့် သက်ဆိုင်ပါသည်။ အက်ဥပဒေပိုင်းအချက်လက်များအား အောက်ပါ လက်ကမ်းစာစောင်များတွင် အကျဉ်းချုပ်ဖော်ပြထားပါသည် -

- စမ်းသပ်စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေးဆရာဝန်ထံသို့ လွှဲပြောင်းခြင်း
- အတွင်းလူနာကုသရေးညွှန်ကြားချက်
- ရပ်ရွာတွင်း ကုသရေး ညွှန်ကြားချက်
- ဆန္ဒဖြင့် တက်ရောက်သော လူနာများအတွက် အချက်လက်များ
- စိတ်ကျန်းမာရေးပြဿနာအတွက် ကုသမှုခံယူခြင်း
- လူနာစောင့်ရှောက်သူများအတွက် အချက်လက်များ
- ရွေးချယ်ထားသော သူများ - ရွေးချယ်ခြင်းအားမည်သို့ ပြုလုပ်ပြီး မည်သည့်အခွင့်ပါဝင်ရှိပါသနည်း။

## အခြား လက်ကမ်းစာစောင်များအား အောက်ပါတို့မှ ရရှိနိုင်ပါသည် -

- စိတ်ကျန်းမာရေး ခုံရုံး
- စိတ်ကျန်းမာရေးဆိုင်ရာ အားပေးကူညီရေးဝန်ဆောင်မှုဌာန
- စိတ်ကျန်းမာရေး ဥပဒေစင်တာ

၂၀၁၄ စိတ်ကျန်းမာရေး အက်ဥပဒေ နှင့် အခြားရင်းမြစ် အချက်လက်များအကြောင်း နောက်ထပ်သိလိုပါက စိတ်ကျန်းမာရေးကော်မစ်ရှင် ဝက်ဘ်ဆိုက် ဖြစ်သည့် www.mhc.wa.gov.au သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ် (08) 6272 1200 သို့ခေါ်ဆိုဆက်သွယ်ပါ။

This document can be made available in other languages and alternative formats on request.

Published by the Mental Health Commission (2015)

# စိတ်ပိုင်းဆိုင်ရာ ပြဿနာအတွက် ကုသမှုခံယူခြင်း



ဤလက်ကမ်းစာစောင်မှ ဖော်ပြပေးသော အချက်လက်များမှာ သင့်ဘက်မှ စိတ်ကျန်းမာရေး ပြဿနာအတွက် ကုသမှုခံယူသည့်အခါ သင့်အခွင့်အရေးများနှင့် သင်မျှော်လင့်နိုင်သည့် အရာများ အကြောင်း ဖြစ်ပါသည်။

## ကုသမှုဆိုသည်မှာ အဘယ်နည်း။

စိတ်ကျန်းမာရေးဝန်ဆောင်မှုမှ သင်ခံယူနေသည့် ကုထုံးမှာ 'စိတ်ရောဂါကုထုံး' ဖြစ်ပြီး ယင်းကုထုံးတွင် ပါဝင်သည့် နောက် ထပ်ကုထုံး များမှာ ဆေးပေးကုသနည်း၊ ဦးနှောက် လျှပ်စီးရိုက်ကုသခြင်း၊ အရေးပေါ်စိတ်ရောဂါကုထုံး နှင့် အခြား ကျန်းမာရေးစောင့်ရှောက်မှုပုံစံများ ဖြစ်သည်။

အကောင်းဆုံးကုထုံးအား ရရှိခံယူရန်မှာ လူနာတစ်ယောက် အနေဖြင့် သင့်ဘက်မှအခွင့်အရေးဖြစ်ပြီး သင့်စိတ်ကျန်းမာရေး ဆရာဝန်နှင့် အခြားအဖွဲ့ဝင်များမှ ကုထုံးရွေးချယ်ခွင့်များနှင့် ပတ်သက်ပြီး သင့်အား အသိပေးဆွေးနွေးမည်ဖြစ်ပါသည်။ သင့်အား ကုသရေး၊ ပံ့ပိုးရေးနှင့် ဆေးရုံဆင်းခွင့်ပြုရေးဆိုင်ရာ အစီစဉ်တွင် သင်မှ ပါဝင်ပတ်သက်ရမည်ဖြစ်ပြီး သင့်ဆန္ဒ (သဘောတူညီချက်)အား အမြဲတောင်းခံမည်ဖြစ်သည်။

## သင့်အား သင့်ဆန္ဒနှင့်ဆန့်ကျင်ပြီး ကုသနိုင်ပါသလား။

သဘောတူညီချက်ဖြင့်ကုသခြင်းမှာ သင့်ထံမှ(သို့မဟုတ် သင့်ကိုယ်စား သဘောတူညီမှုဆန္ဒ ပေးနိုင်သည့် တစ်စုံ တစ်ယောက် ဉပမာ အုပ်ထိန်းသူ)ထံမှ ကြိုတင်အသိပေး အကြောင်းကြား၍ ရရှိသောဆန္ဒမပါပဲ သင့်အား ကုသမှုပေး၍ မရဟူသည့် သဘောဖြစ် သည်။ သိရှိသဘောတူညီချက် ဆို သည်မှာ သင့်ဘက်မှလိုအပ်သော လိုချင်သောအချက်လက်များ အားလုံးကို ရရှိပြီး ကုသရေးအားခံယူရန် သဘောတူညီချက်ကို သေသေချာချာ သုံးသပ်ပြီးမှသာ လက်ခံသည့်သဘောဖြစ် ပါသည်။

အကယ်၍ ယင်းကုသမှုမှာ သင့်အသက်အားကယ်တင်နိုင်ရန် သို့မဟုတ် သင့်ကိုယ်သင်နှင့် အခြားသူများအား ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုအန္တရာယ်ဖြစ်စေခြင်းမှ ကာကွယ်ပေးနိုင်ရန် လိုအပ် သည်ဟုယူဆပါက သင့်ဆန္ဒမပါပဲ သင့်အား ကုသမှုအတင်း ပေးပိုင်ခွင့်ရှိသည်။ ယင်းအား အရေးပေါ်စိတ်ပိုင်းဆိုင်ရာ ကုသ မှုဟု ခေါ်ပါသည်။

အကယ်၍ သင်မှ မိမိဆန္ဒမပါသောကုသမှုအား ခံယူရမည့်လူနာ ဖြစ်လာသောအခါ (အတွင်းလူနာအဖြစ် ကုသမှုခံယူရန် ညွှန်ကြားချက် သို့မဟုတ် ရပ်ရွာအတွင်းကုသမှုခံယူရေး ညွှန်ကြားချက်ဖြင့်) သင့်အား စိတ်ရောဂါကုထုံးများကို သင့် ဆန္ဒမပါပဲ ပြုလုပ်မည်ဖြစ်သည်။ သို့သော် သင့်ဆန္ဒအား တောင်းဆိုမှုပြုသင့်ပါသေးသည်။

## သင့်အား ကုသပေးမှုနှင့်ပတ်သက်၍ သင်မကျေနပ်ပါက ဘာလုပ်နိုင်သနည်း။

သင့်အား ကုသပေးနေသော ကုသရေးအဖွဲ့အား သင် စတင်အသိပေး ပြောဆိုနိုင်ပြီး သင့်ရွေးချယ်ခွင့်များအကြောင်း ဆွေးနွေးနိုင်သည်။

အကယ်၍သင်သည် မိမိဆန္ဒအရ ကုသမှုခံယူနေသည့် အနေထား တွင်ရှိပါက သင်ခံယူလိုသည့် ကုသမှုများနှင့် ပတ်သက်ပြီး သင့်ကိုယ်ပိုင်ဆုံးဖြတ်ချက်များ ပြုလုပ်နိုင်ပါသည်။ အကယ်၍ အခြား စိတ်ကျန်းမာရေးဆရာဝန်တစ်ဦးထံမှ ဒုတိယထင်မြင်ချက်ကို တောင်းခံခြင်းသည် သင်ဆုံးဖြတ်ချက် ချရာတွင် အကူအညီဖြစ်စေမည်ဆိုပါက သင်ယင်း သို့ပြုလုပ်ရန် တောင်းဆိုနိုင်သည်။

အကယ်၍ သင်မှ မိမိဆန္ဒအရမဟုတ်ပဲ ကုသမှုခံယူနေသော လူနာဖြစ်ပါက သင့်စိတ်ကျန်းမာရေးဆရာဝန် သို့မဟုတ် စိတ်ကျန်းမာရေးဆရာဝန်ချုပ်အား သင့်အတွင် အခြား ထင်မြင်ချက် ရရှိနိုင်စေရန် စီစဉ်ပေးရန် တောင်းဆိုနိုင်ပါသည်။ သီးခြားလုပ်ဆောင်သော စိတ်ကျန်းမာရေးဆရာဝန်မှ သင့်အား စမ်းသပ်စစ်ဆေးမည်ဖြစ်ပြီး ၎င်း၏ထင်မြင်ချက်ကို ရေးသားဖော်ပြပေးပါမည်။ သင့် ပထမစိတ်ကျန်းမာရေး ဆရာဝန်မှ ယင်းထင်မြင်ချက်ကို ထည့်သွင်းသုံးသပ်ရမည်ဖြစ် သော်လည်း ယင်းထင်မြင်ချက်အား လိုက်နာရန် တာဝန်မရှိပေ။

နောက်ထပ် ဒုတိယထင်မြင်ချက်အား ရရှိပြီးသည့်နောက် သင့် စိတ်ကျန်းမာရေးဆရာဝန် သို့မဟုတ် စိတ်ကျန်းမာရေး ဆရာဝန်ချုပ်အား နောက်ထပ် ထင်မြင်တစ်ခုရရှိအောင် စီစဉ်ပေးရန် တောင်းဆိုနိုင်ပါသည်။ သို့သော် ယင်းတတိယ ထင်မြင်ချက်အား ပယ်ချရန် အလားလာရှိနိုင်ပါသည်။

သင့်တွင် မကျေနပ်သည့်အကြောင်းရှိနေသေးပါက စိတ်ကျန်းမာရေးဆရာဝန်ချုပ်အား သင့်ဖြစ်ရပ်အပေါ်သုံးသပ် ပေးရန် တောင်းဆိုနိုင်သည်။ စိတ်ကျန်းမာရေးဆရာဝန်ချုပ်မှ ကုသမှုနှင့်ပတ်သက်ပြီး သင့်စိတ်ကျန်းမာရေးဆရာဝန်အား ပြန်လည် သုံးသပ်ရန် တောင်းဆိုလျှင်လည်းတောင်းဆို နိုင်ပါသည်။ မတောင်းဆိုလျှင်လည်း မတောင်းဆိုနိုင်ပါ။

## (သင့်ကိုယ်ကာယပိုင်း ကျန်းမာရေးအတွက်) ဆေးဝါးကုသမှု

သင်လူနာ အဖြစ် ကုသမှုခံယူနေသည့်အခါ သင်လိုအပ်သည့် မည်သည့် ဆေးဝါးကုသမှုမျိုးကိုမဆိုရယူရန် သဘောတူညီချက် ပေးနိုင်သည်။ အကယ်၍ သဘောတူညီချက်မပေးနိုင်ပါက သင့်ကိုယ်စား ဆုံးဖြတ်ချက်ပြုလုပ်ပေးရန် ခွင့်ပြုထားသူမှ သင့်အတွက် သဘောတူချက်ပေးနိုင်ပါသည်။ အကယ်၍ သင်မှ ဆေးရုံတွင် မိမိဆန္ဒမပါပဲ ကုသမှုခံယူနေရပြီး အရေးပေါ် ဆေးဝါးကုသမှုတစ်ရပ် လိုအပ်ပါက ယင်းကုသမှုအားပြုလုပ်ရန် သင့်ဆရာဝန်မှ သင့်၏ သဘောတူညီချက်ကို ရယူစရာမလိုအပ် ပါ။ သို့သော် ယင်းဆရာဝန်မှ စိတ်ကျန်းမာရေးဆရာဝန်ချုပ် ထံသို့ နောက်ပိုင်းတွင် အကြောင်းကြား အသိပေးရမည်ဖြစ် သည်။

အကယ်၍ သင်မှ ဆေးရုံတွင်မိမိဆန္ဒမပါပဲ ကုသမှုခံယူနေရ ပါက အခြားဆေးရုံသို့သွားပြီး ကုသမှုခံယူရန်သင့်အား ခွင့်ရက် ပေးကောင်းပေးနိုင်ပါသည်။ သင်မှ ခွင့်ရက်ရထားသည့် အချိန် တွင်သင်သည် ဆေးရုံတွင် မိမိဆန္ဒမပါပဲ ကုသမှုခံယူနေ သော လူနာဖြစ်နေသေးသည်ဟု သတ်မှတ်သည့်အတွက် သင့်ကုသမှု အစီအစဉ်အား သင်ဆက်လက်လိုက်နာရမည်ဖြစ်ပြီး ခွင့်ရက် အဆုံးသတ်သည့်အခါ ပြန်လာရမည်ဖြစ်သည်။

## ဦးနှောက်အား လျှပ်စီးရိုက်ကုထုံး (ECT)

ECT မှာ စိတ်ရောဂါအမျိုးမျိုးအတွက် ကုထုံးတစ်ရပ်ဖြစ်သည်။ သင့်အား ဆေးပေးကုသခြင်းသည် သင့်ရောဂါအခြေနေအား တိုးတက်စေခြင်းမရှိပါက သို့မဟုတ် သင့်ရောဂါအနေထားမှာ ဆိုးရွားပြင်းထန်လွန်းနေလျှင် သင့်စိတ်ကျန်းမာရေးဆရာဝန်မှ သင့်အား ECT ကုထုံးပေးနိုင်ပါသည်။

ECT အားပြုလုပ်ပေးနိုင်သည့် အချိန်နှင့်စပ်လျဉ်းပြီး အကန့် အသတ်ရှိပါသည်။ ယင်းတို့မှာ -

- ECT ကုထုံးအား အသက် ၁၄ နှစ်အောက် မည်သူ့ကိုမှ ပြုလုပ်နိုင်ပါ။
- အသက် ၁၄ နှစ်မှ ၁၇ နှစ်အတွင်းရှိသော မိမိဆန္ဒအရ ကုသမှုခံယူသော (ကလေးမှ သဘောတူညီချက်မပေးနိုင် သည့်အခါ ၎င်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူဆန္ဒဖြင့် ကုသမှုခံယူသော) ကလေးများသို့ ECT ကုထုံးပေးနိုင်ပါ သည်။